မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၂ ]** ရန်ကုန်မြို့ { ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက် ( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် ) } **သောကြာနေ့ [ အတွဲ ၆၆**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာအမှတ် ၉၉/၂၀၁၂**
၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်
( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက် )

**တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေးစက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးဦးဆောင်ကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှုအခြေခံမူဘောင်များအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေးစက်မှုလုပ်ငန်းများစီမံကွပ်ကဲမှု ပိုမိုကောင်းမွန်စေရန်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုဝန်းကျင် အားကောင်းစေရန်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် ပြည်သူလူထုအကြား ပွင့်လင်းမြင်သာမှုရှိ၍ အပြန်အလှန်ဆွေးနွေးရှင်းလင်းမှုရှိလာစေရန်လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍ လူထုအခြေပြုအဖွဲ့အစည်းများနှင့်အတူ လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်ပြီး ပြည်သူလူထုအား အသိပေးရန်လည်းကောင်း၊ တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေးစက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ခြင်းကိစ္စရပ်ကို နိုင်ငံတော်ကိုယ်စား ဦးစီးဆောင်ရွက်နိုင်ရန်အတွက် **"တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေးစက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးဦးဆောင်ကော်မတီ (Extractive Industry Transparency Initiative Leading Authority)"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(က) ဦးစိုးသိန်း ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန (၃)

(ခ) ဦးဝင်းထွန်း အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

(ဂ) ဦးသန်းဌေး အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စွမ်းအင်ဝန်ကြီးဌာန

(ဃ) ဒေါက်တာမြင့်အောင် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သတ္တုတွင်းဝန်ကြီးဌာန

(င) ဦးဝင်းရှိန် အတွင်းရေးမှူး
ပြည်ထောင်စုဝန်ကြီး
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

၂။ တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေးစက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေးနှင့် စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ခြင်းကိစ္စအရပ်ရပ်ကို နိုင်ငံတော်နှင့် လက်တွဲဆောင်ရွက်သွားမည့် ပုဂ္ဂလိကကဏ္ဍနှင့် လူထုအခြေပြုအဖွဲ့အစည်းများအကြား EITI ဆိုင်ရာလုပ်ငန်းများကို တာဝန်ခံဆောင်ရွက်မည့် လုပ်ငန်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းရန်။

(ခ) တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေးစက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ခြင်း လုပ်ငန်း အကောင်အထည်ဖော်ရန် လုပ်ငန်းစဉ်မူကြမ်းတစ်ရပ် ပြင်ဆင်ရေးဆွဲရန်။

(ဂ) နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ဖြစ်သော Extractive Industry Transparency Initiative တွင် မြန်မာနိုင်ငံအား အဖွဲ့ဝင်နိုင်ငံတစ်ခုအဖြစ် အပြီးသတ်လျှောက်ထား၍ အဖွဲ့ဝင်လောင်း (Candidate Member) အဆင့်ထိ အောင်မြင်စွာပါဝင်နိုင်ရန် လိုအပ်သည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဃ) မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအရင်းအမြစ်အဖွဲ့အစည်း (Myanmar Development Resource Institute) ၏ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (Centre for Economic and Social Development) အား ညှိနှိုင်းရေးတာဝန်ခံ (Coordinator) အဖြစ် တာဝန်ပေးအပ်ရန်။

(င) တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေးလုပ်ငန်းများကို နိုင်ငံဖွံ့ဖြိုးမှုနှင့် စီးပွားရေး တိုးတက်မှုများအတွက် လက်တွေ့အကျိုးရှိပြီး နောင်လာနောက်သား ပြည်သူများအတွက် ရေရှည် တည်တံ့မည့် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို သတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်ရန်။

၃။ အထက်ပါ လုပ်ငန်းတာဝန်များကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ နောက်ဆုံးထား၍ အကောင် အထည်ဖော် ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၀၀/၂၀၁၂**

၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်

( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက် )

**World Economic Forum on East Asia 2013, Myanmar**
**ကျင်းပရေးဦးဆောင်ကော်မတီ ဖွဲ့စည်းခြင်း**

၁။　ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းကောင်းများ ရရှိစေနိုင်ရန်လည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် ကမ္ဘာ့စီးပွားရေးခေါင်းဆောင်များ၏ အကြံဉာဏ်၊ အတွေ့အကြုံနည်းလမ်းကောင်းများ ရရှိစေနိုင်ရန်လည်းကောင်း ရည်မှန်း၍ ၂၀၁၃ ခုနှစ်၌ ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum) အား မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **"World Economic Forum on East Asia 2013, Myanmar ကျင်းပရေးဦးဆောင်ကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဦးစိုးသိန်း<br>ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၃) | ဥက္ကဋ္ဌ (၁) |
| (ခ) | ဦးတင်နိုင်သိန်း<br>ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၅) | ဥက္ကဋ္ဌ (၂) |
| (ဂ) | ဒေါက်တာကံဇော်<br>ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဦးသန်းငွေ<br>ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးငွေအောင်<br>ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဗိုလ်မှူးချုပ်ကျော်ဇံမြင့်<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း<br>ဒုတိယဝန်ကြီး (ရဲချုပ်)<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးသန့်ကျော်<br>ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(စ) ဦးရဲထွန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန

(ည) ဦးသောင်းတင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

(ဋ) ဦးဟံစိန် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပို့ဆောင်ရေးဝန်ကြီးဌာန

(ဌ) ဦးအေးမြင့်မောင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

(ဍ) ဦးအောင်သန်းဦး — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ဎ) ဦးကျော်ကျော်ဝင်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ဏ) ဒေါက်တာပွင့်ဆန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(တ) ဒေါက်တာမျိုးမြင့် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပညာရေးဝန်ကြီးဌာန

(ထ) ဒေါက်တာဝင်းမြင့် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန

(ဒ) ဒေါ်စန္ဒာခင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ယဉ်ကျေးမှုဝန်ကြီးဌာန

(ဓ) ဒေါက်တာလင်းအောင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

(န) ဦးစိုးတင့် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ပ) သူရဦးသောင်းလွင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

( ဖ ) ဦးကံချွန် အဖွဲ့ဝင်
ကောင်စီဝင်
နေပြည်တော်ကောင်စီ

( ဗ ) ဦးဝင်းအောင် အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

( ဘ ) ဦးရန်ဝင်း အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်

( မ ) ဒေါက်တာအောင်မြတ်ကျော် အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း

( ယ ) ဦးဖြိုးဝေရာဇာ အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံဈေးကွက်မြှင့်တင်ရေးကော်မတီ

( ရ ) ဦးဆက်အောင် အတွင်းရေးမှူး
ဒုတိယဝန်ကြီး
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

၂။ ဦးဆောင်ကော်မတီသည် လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သော လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၀၅/၂၀၁၂**

၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်

( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး) မှ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဦးသိန်းကြူအား ယင်းဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဒေါက်တာမျိုးသိမ်းကြီး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမှတ် (၁) အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) | ဦးကိုကိုတင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးစီမံကိန်းနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) | ပါမောက္ခဒေါက်တာဒေါ်နွဲ့နွဲ့ဦး<br>ပါမောက္ခ/ဌာနမှူး<br>ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာန<br>ဆေးတက္ကသိုလ် (မကွေး)<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သူနာပြုတက္ကသိုလ် (ရန်ကုန်)<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

(ပုံ) သိန်းစိန်<br>
နိုင်ငံတော်သမ္မတ<br>
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၇၅/၂၀၁၂)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်<br>
( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် )

## ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊<br>
ညွှန်ကြားရေးမှူးချုပ်၊<br>
လွှတ်တော်ရုံး။

# ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## ( ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၆။ )

၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

( ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"( ခ ) **အစိုးရအိမ်ဥပစာ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုကဖြစ်စေ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကဖြစ်စေ၊ စည်ပင်သာယာရေးကော်မတီတစ်ခုခုကဖြစ်စေ၊ စည်ပင်သာယာရေးအဖွဲ့တစ်ခုခုကဖြစ်စေ ပိုင်သော ငှားရမ်းယူထားသော သို့မဟုတ် ခေတ္တသိမ်းယူထားသော အိမ်ဥပစာကို ဆိုသည်။"

၃။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၂-က၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "အစိုးရ" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၂-က၊ ပုဒ်မခွဲ (ဃ) ၏နောက်တွင် အောက်ပါပုဒ်မခွဲများကို ပုဒ်မခွဲ (င) နှင့် (စ) အဖြစ် ဖြည့်စွက်ရမည် -

"( င ) အခွင့်ရအာဏာပိုင်၏ ခွင့်ပြုချက်မရယူဘဲ အိမ်ဥပစာ၏ မူလအသွင်သဏ္ဍာန်ကို ပြောင်းလဲပြင်ဆင်ခြင်း၊ မွမ်းမံပြုပြင်ခြင်း၊ တိုးချဲ့ခြင်း မပြုရ။

( စ ) အိမ်ဥပစာတွင် တည်ဆဲဥပဒေအရ ပြစ်မှုမြောက်သော ပြုလုပ်မှုတစ်ရပ်ရပ်ကို မပြုလုပ်ရ။"

၅။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (၁) ၌ ပါရှိသော "နိုင်ငံတော်အစိုးရ" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၂) ၏နောက်၌ အောက်ပါ ပုဒ်မခွဲကို ပုဒ်မခွဲ (၃) အဖြစ် ဖြည့်စွက်ရမည် -

"(၃) အခွင့်ရအာဏာပိုင်က ပုဒ်မခွဲ (၁) နှင့် (၂) တို့အရ အစိုးရအိမ်ဥပစာမှ ဖယ်ရှားရာတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လုံခြုံရေးနှင့် အခြားလိုအပ်သည့်အကူအညီများ ပေးရမည်။"

၆။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၅ တွင် ပါရှိသော "နိုင်ငံတော်အစိုးရ" ဆိုသည့် စကားရပ်ကို "ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖွဲ့စည်းပေးသည့် အယူခံအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၆၊ ၇ နှင့် ၈ တို့တွင် ပါရှိသော "နိုင်ငံတော်အစိုးရ" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "ငွေဒဏ်ကျပ်တစ်ထောင်ထိဖြစ်စေ" ဆိုသည့် စကားရပ်ကို "ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းထိဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၁၂)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်
( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် )

## ပို့ကုန်သွင်းကုန်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ပို့ကုန်သွင်းကုန်ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# ပို့ကုန်သွင်းကုန်ဥပဒေ

## ( ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၇။ )

၁၃၇၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်
( ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပို့ကုန်သွင်းကုန်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **တင်ပို့ခြင်း**ဆိုသည်မှာ ကုန်ပစ္စည်းတစ်ရပ်ရပ်ကို ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် နိုင်ငံတော်ပြင်ပသို့ တင်ပို့ခြင်းကို ဆိုသည်။

(ဂ) **တင်သွင်းခြင်း**ဆိုသည်မှာ ကုန်ပစ္စည်းတစ်ရပ်ရပ်ကို ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် နိုင်ငံတော်အတွင်းသို့ တင်သွင်းခြင်းကို ဆိုသည်။

(ဃ) **ပို့ကုန်သွင်းကုန်**ဆိုသည်မှာ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် နိုင်ငံတော်ပြင်ပသို့ တင်ပို့သည့် သို့မဟုတ် နိုင်ငံတော်အတွင်းသို့ တင်သွင်းသည့် ကုန်ပစ္စည်း သို့မဟုတ် နည်းပညာတစ်ရပ်ရပ်ကို ဆိုသည်။

(င) **ခွင့်ပြုချက်**ဆိုသည်မှာ ကုန်ပစ္စည်းတစ်ခုခုကို တင်ပို့ရန်ဖြစ်စေ၊ တင်သွင်းရန်ဖြစ်စေ ဝန်ကြီးဌာနက ထုတ်ပေးသည့် ခွင့်ပြုချက်ကို ဆိုသည်။

(စ) **ကုန်သွယ်ရေးစခန်း**ဆိုသည်မှာ ပို့ကုန်၊ သွင်းကုန်ဆိုင်ရာကိစ္စရပ်များကို တရားဝင်ဆောင်ရွက်နိုင်ရန် သတ်မှတ်ထားသော ပြည်တွင်း သို့မဟုတ် ပြည်ပရှိ နေရာဒေသ၊ စခန်း၊ ရုံး သို့မဟုတ် အခြားနေရာတစ်ခုခုကို ဆိုသည်။

(ဆ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဇ) **ဝန်ကြီး**ဆိုသည်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာအခြေခံမူများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ပို့ကုန်သွင်းကုန်ဆိုင်ရာမူဝါဒများကို ချမှတ်နိုင်ရန်၊

(ဂ) နိုင်ငံတော်၏ ပို့ကုန်သွင်းကုန်ဆိုင်ရာမူဝါဒများနှင့် ဆောင်ရွက်ချက်များသည် နိုင်ငံတကာကုန်သွယ်မှုစံများနှင့်အညီ ဖြစ်စေရန်၊

(ဃ) ပို့ကုန်သွင်းကုန်ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ချောမွေ့လွယ်ကူမြန်ဆန်စေရန်။

## အခန်း (၃)
## ပို့ကုန်သွင်းကုန်ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲခြင်း

၄။ ဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) ပို့ကုန်သွင်းကုန်၏ ပစ္စည်းအမျိုးအမည်နှင့် အဆင့်အတန်းများ သတ်မှတ်ခြင်း၊

(ခ) ပို့ကုန်သွင်းကုန်အတွက် ကန့်သတ်ကုန်ပစ္စည်း၊ တားမြစ်ကုန်ပစ္စည်း၊ ပိတ်ပင်ကုန်ပစ္စည်းများ သတ်မှတ်ခြင်း၊

(ဂ) ပို့ကုန်သွင်းကုန်ကို တင်ပို့ခြင်းနှင့် တင်သွင်းခြင်းပြုရမည့်နည်းလမ်းနှင့် အခြားလိုအပ်သော စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဃ) ပို့ကုန်သွင်းကုန်အတွက် ခွင့်ပြုချက်ထုတ်ပေးခြင်းနှင့် ခွင့်ပြုချက်ဆိုင်ရာစည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(င) ပို့ကုန်သွင်းကုန်ကို တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းပြုလုပ်ရမည့် ဆိပ်ကမ်း၊ လေဆိပ်၊ ယာဉ်စခန်း စသည့်နေရာများနှင့် သက်ဆိုင်သောစည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ခြင်း၊

(စ) ပို့ကုန်သွင်းကုန်ဆိုင်ရာအခြားလိုအပ်သောကိစ္စရပ်များ ဆောင်ရွက်ခြင်း။

## အခန်း (၄)
## တားမြစ်ချက်များ

၅။ မည်သူမျှ ကန့်သတ်တားမြစ်ပိတ်ပင်ထားသော ကုန်ပစ္စည်းများကို တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်း မပြုရ။

၆။ မည်သူမျှ ခွင့်ပြုချက်ရယူရန် သတ်မှတ်ထားသော ကုန်ပစ္စည်းများကို ခွင့်ပြုချက်ရယူခြင်းမရှိဘဲ တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်း မပြုရ။

၇။ မည်သည့်ခွင့်ပြုချက်ရရှိသူမျှ ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မပြုရ။

## အခန်း (၅)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၈။ မည်သူမဆို ပုဒ်မ ၅ သို့မဟုတ် ပုဒ်မ ၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉။ မည်သည့်ခွင့်ပြုချက်ရရှိသူမဆို ပုဒ်မ ၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၀။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်သူ သို့မဟုတ် အားပေးကူညီသူအား ယင်းပြစ်မှုကို ကျူးလွန်သူဖြစ်ဘိသကဲ့သို့ ပြစ်ဒဏ်ချမှတ်ရမည့်ပြင် ပြစ်မှုကျူးလွန်ရာ၌ အကျုံးဝင်သော သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

## အခန်း (၆)

## အထွေထွေ

၁၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပို့ကုန်သွင်းကုန်ဆိုင်ရာမူဝါဒများကို ချမှတ်ရမည်။ ယင်းမူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ပို့ကုန်သွင်းကုန်ဆိုင်ရာကိစ္စရပ်များ ချောမွေ့လွယ်ကူစေရန် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က ပေါင်းစပ်ညှိနှိုင်းပေးရမည်။

၁၂။ ဤဥပဒေအရ အရေးယူအပြစ်ပေးမှုသည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေအရ အရေးယူမှုအား ပိတ်ပင်ခြင်းမရှိစေရ။

၁၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၄။ The Control of Imports and Exports (Temporary) Act, 1947 အရ ထုတ်ပြန်ခဲ့သော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၅။ The Control of Imports and Exports (Temporary) Act, 1947 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၁၂)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်

( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် )

## ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကော်ပိုရေးရှင်းဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကော်ပိုရေးရှင်းဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

## ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကော်ပိုရေးရှင်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ

**( ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈။ )**

၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်

( ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကော်ပိုရေးရှင်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကော်ပိုရေးရှင်းဥပဒေ (၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၁၂)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်

( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် )

## မြေသိမ်း (သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော မြေသိမ်း (သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊

ညွှန်ကြားရေးမှူးချုပ်၊

လွှတ်တော်ရုံး။

## မြေသိမ်း (သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ

**( ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉။ )**

၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်

( ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြေသိမ်း (သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ The Land Acquisition (Mines) Act, 1885 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၁၂)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်

( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် )

## ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများ ကာကွယ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများကာကွယ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများကာကွယ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ

**( ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၀။ )**

၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်

( ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများကာကွယ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများကာကွယ်ရေးအက်ဥပဒေ (The Public Utilities Protection Act) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၁၂)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်

( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် )

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ

## ( ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁။ )

၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်

( ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ကော်မရှင်**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဆိုသည်။

(ဂ) **ပြည်ထောင်စုအစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဃ) **နိုင်ငံသား**ဆိုရာတွင် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူလည်း ပါဝင်သည်။ ဤဥပဒေအလို့ငှာ ယင်းစကားရပ်တွင် နိုင်ငံသားများဖြင့်သာ ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းလည်း ပါဝင်သည်။

(င) **နိုင်ငံခြားသား**ဆိုသည်မှာ နိုင်ငံသားမဟုတ်သူကို ဆိုသည်။ ဤဥပဒေအလို့ငှာ ယင်းစကားရပ်တွင် နိုင်ငံခြားသားများ ပါဝင်ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းလည်း ပါဝင်သည်။

(စ) **ကမကထပြုသူ**ဆိုသည်မှာ ကော်မရှင်သို့ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ အဆိုပြုသည့် နိုင်ငံသား တစ်ဦးဦးကိုဖြစ်စေ၊ နိုင်ငံခြားသားတစ်ဦးဦးကိုဖြစ်စေ ဆိုသည်။

(ဆ) **အဆိုပြုချက်**ဆိုသည်မှာ ကမကထပြုသူက ရည်ရွယ်ထားသော ရင်းနှီးမြှုပ်နှံမှုအတွက် ခွင့်ပြုမိန့် ရရှိရန် ကော်မရှင်သို့ တင်သွင်းသော သတ်မှတ်သည့်လျှောက်လွှာနှင့်အတူ ပဋိညာဉ်စာချုပ်မူကြမ်း၊ ငွေရေးကြေးရေးဆိုင်ရာအထောက်အထားများနှင့် ကုမ္ပဏီဆိုင်ရာအထောက်အထားများကို ဆိုသည်။

(ဇ) **ခွင့်ပြုမိန့်**ဆိုသည်မှာ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ကော်မရှင်၏သဘောတူခွင့်ပြုချက်ကို ဖော်ပြသည့် အမိန့်ကို ဆိုသည်။

(ဈ) **နိုင်ငံခြား မတည်ငွေရင်း**ဆိုရာတွင် နိုင်ငံခြားသားတစ်ဦးဦးက ခွင့်ပြုမိန့်အရ စီးပွားရေးလုပ်ငန်း တွင် ရင်းနှီးမြှုပ်နှံသော အောက်ပါတို့ ပါဝင်သည် -

(၁) နိုင်ငံခြားငွေ၊

(၂) စက်ပစ္စည်း၊ စက်ကိရိယာ၊ စက်ကိရိယာအစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ အသုံးအဆောင် တန်ဆာပလာများ အပါအဝင် လုပ်ငန်းတွင် အမှန်တကယ်သုံးစွဲရန် လိုအပ်၍ နိုင်ငံတော် အတွင်း၌ မရရှိနိုင်သောပစ္စည်း၊

(၃) လိုင်စင်၊ တီထွင်မှုပိုင်ဆိုင်ခွင့်၊ စက်မှုဒီဇိုင်း၊ ကုန်အမှတ်တံဆိပ်၊ မူပိုင်ခွင့် စသည့် အသိဉာဏ် ဆိုင်ရာပစ္စည်းများကို တန်ဖိုးဖြတ်နိုင်သောအခွင့်အရေး၊

(၄) ကျွမ်းကျင်မှုနည်းပညာရပ်၊

(၅) အထက်ပါတို့မှ လုပ်ငန်းတွင် တိုးပွားရရှိပြီး၍ဖြစ်စေ၊ ဝေစုအကျိုးအမြတ်ကိုဖြစ်စေ ပြန်လည် ရင်းနှီးမြှုပ်နှံသောငွေများ။

(ည) **ရင်းနှီးမြှုပ်နှံသူ**ဆိုသည်မှာ ခွင့်ပြုမိန့်အရ ရင်းနှီးမြှုပ်နှံသောပုဂ္ဂိုလ် သို့မဟုတ် စီးပွားရေးအဖွဲ့ အစည်းကို ဆိုသည်။

(ဋ) **ဘဏ်**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကခွင့်ပြုသော နိုင်ငံတော်အတွင်းရှိဘဏ်တစ်ခုခုကို ဆိုသည်။

(ဌ) **ရင်းနှီးမြှုပ်နှံမှု**ဆိုသည်မှာ နိုင်ငံတော်၏ နယ်နိမိတ်အတွင်း ဤဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသူက ကြီးကြပ်ကွပ်ကဲသည့် ပိုင်ဆိုင်မှုပစ္စည်းအမျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါ တို့လည်း ပါဝင်သည် -

(၁) ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် အခြားပစ္စည်းဆိုင်ရာ အခွင့် အရေးများကို ဥပဒေနှင့်အညီ အပေါင်ခံခွင့်နှင့် ပေါင်နှံခွင့်များ၊

(၂) ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများ၊ စတော့(ခ်)များနှင့် ဒီဘင်ချာ ခေါ် ငွေချေးသက်သေခံ လက်မှတ်များ၊

(၃) ငွေရေးကြေးရေးဆိုင်ရာ တန်ဖိုးတစ်ရပ်အဖြစ် ထားရှိသည့် ပဋိညာဉ်စာချုပ်အရ ငွေကြေး အခွင့်အရေးများ သို့မဟုတ် ဆောင်ရွက်မှုများ၊

(၄) တည်ဆဲဥပဒေများနှင့်အညီ အသိဉာဏ်ပစ္စည်းဆိုင်ရာအခွင့်အရေးများ၊

(၅) သဘာဝသယံဇာတပစ္စည်းများ ရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာအခွင့်အရေးများ အပါ အဝင် သက်ဆိုင်ရာဥပဒေ သို့မဟုတ် ပဋိညာဉ်စာချုပ်အရ ပေးအပ်ထားသည့်လုပ်ငန်း ဆိုင်ရာအခွင့်အရေးများ။

(ဒ) **မြေငှားရမ်းခွင့်ရရှိသူ** သို့မဟုတ် **မြေအသုံးပြုခွင့်ရရှိသူ**ဆိုသည်မှာ နိုင်ငံတော်က သတ်မှတ်ထားသည့် မြေငှားခကို နိုင်ငံတော်သို့ ပေးဆောင်၍ သတ်မှတ်ထားသောကာလအပိုင်းအခြားအထိ မြေငှားရမ်းခွင့်ရရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရရှိသူကို ဆိုသည်။

## အခန်း (၂)

## သက်ဆိုင်သည့်စီးပွားရေးလုပ်ငန်းများ

၃။ ဤဥပဒေသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်သဘောတူညီချက်ဖြင့် ကော်မရှင်က အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သော စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်စေရမည်။

၄။ အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့်လုပ်ငန်းများအဖြစ် သတ်မှတ်သည် -

(က) နိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိခိုက်စေသောလုပ်ငန်းများ၊

(ခ) ပြည်သူတို့၏ကျန်းမာရေးကို ထိခိုက်စေနိုင်သောလုပ်ငန်းများ၊

(ဂ) သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ကို ထိခိုက်ပျက်စီးစေနိုင်သောလုပ်ငန်းများ၊

(ဃ) နိုင်ငံတော်အတွင်းသို့ ဘေးအန္တရာယ်ရှိသော သို့မဟုတ် အဆိပ်အတောက်ရှိသော စွန့်ပစ်ပစ္စည်းများ သယ်ဆောင်လာနိုင်သည့်လုပ်ငန်းများ၊

(င) နိုင်ငံတကာသဘောတူညီချက်များအရ ဘေးအန္တရာယ်ရှိသော ဓာတုပစ္စည်းထုတ်လုပ်သည့် စက်ရုံများ သို့မဟုတ် အသုံးပြုသည့်လုပ်ငန်းများ၊

(စ) နည်းဥပဒေထုတ်ပြန်သတ်မှတ်ထားသော နိုင်ငံသားများ လုပ်ကိုင်နိုင်သည့် ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊

(ဆ) ပြည်ပမှ စမ်းသပ်ဆဲဖြစ်သော သို့မဟုတ် အသုံးပြုရန် အတည်ပြုချက်မရရှိသေးသော နည်းပညာများ၊ ဆေးဝါးများ၊ အသုံးအဆောင်များနှင့် သယ်ဆောင်လာနိုင်သည့်လုပ်ငန်းများ၊

(ဇ) နည်းဥပဒေထုတ်ပြန်သတ်မှတ်ထားသော နိုင်ငံသားများ လုပ်ကိုင်နိုင်သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် နှစ်တိုနှစ်ရှည်စိုက်ပျိုးရေးလုပ်ငန်းများ၊

(ဈ) နည်းဥပဒေထုတ်ပြန်သတ်မှတ်ထားသော နိုင်ငံသားများ လုပ်ကိုင်နိုင်သည့် မွေးမြူရေးလုပ်ငန်းများ၊

(ည) နည်းဥပဒေထုတ်ပြန်သတ်မှတ်ထားသော နိုင်ငံသားများ လုပ်ကိုင်နိုင်သည့် မြန်မာ့ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းများ၊

(ဋ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် စီးပွားရေးဇုန်အဖြစ် သတ်မှတ်ထားသောနေရာများမှအပ နိုင်ငံတော်၏နယ်နိမိတ်နှင့် အခြားနိုင်ငံများ နယ်နိမိတ်ထိစပ်လျက်ရှိသည့် နယ်စပ်မျဉ်းမှ တစ်ဆယ်မိုင်အတွင်း ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ။

၅။ ပုဒ်မ ၄ အရ ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကော်မရှင်သည် နိုင်ငံတော်နှင့် နိုင်ငံသား အထူးသဖြင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူ၍ ခွင့်ပြုနိုင်သည်။

၆။ ကော်မရှင်သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လုံခြုံရေးအခြေအနေ၊ စီးပွားရေးအခြေအနေ၊ ပတ်ဝန်းကျင်အခြေအနေနှင့် လူမှုအကျိုးစီးပွားကို ကြီးမားစွာအကျိုးသက်ရောက်မှုဖြစ်စေနိုင်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

## အခန်း (၃)
## ရည်ရွယ်ချက်

၇။ နိုင်ငံတော်၏ ကြွယ်ဝသောသယံဇာတပစ္စည်းများကို ဖော်ထုတ်၍ ပြည်သူများ လောက်ငစွာသုံးစွဲခံစားနိုင်ကြရန်နှင့် ပိုလျှံလာသည်တို့ကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်စေရန်၊ လုပ်ငန်းများ တိုးတက်ကျယ်ပြန့်လာသည်နှင့်အမျှ ပြည်သူတို့အတွက်လည်း အလုပ်အကိုင်များ ပေါ်ပေါက်ပေါများလာစေရန် လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေရန်၊ အခြေခံအဆောက်အအုံများဖြစ်သော ဘဏ်နှင့်ငွေကြေးဆိုင်ရာလုပ်ငန်းများ၊ အဆင့်မြင့်လမ်းမကြီးများ၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်သွယ်ထားသည့် အဝေးပြေးလမ်းများ၊ အမျိုးသားလျှပ်စစ်နှင့်စွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ခေတ်မီသတင်းအချက်အလက်နည်းပညာ အပါအဝင် အဆင့်မြင့်နည်းပညာများ ဖွံ့ဖြိုးစေရန်၊ ဆက်သွယ်ရေးကွန်ရက်များ၊ နိုင်ငံတကာအဆင့်မီ ရထား၊ သင်္ဘော၊ လေယာဉ် စသည့် ပို့ဆောင်ရေးလုပ်ငန်းများ အပါအဝင် ပညာရပ်နယ်ပယ်အသီးသီး နိုင်ငံတော်တစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံသားများ နိုင်ငံတကာနှင့်ယှဉ်တွဲလုပ်ကိုင်ဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတကာစံနှုန်းနှင့်အညီ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ပါသည်။

## အခန်း (၄)
## အခြေခံမူများ

၈။ ရင်းနှီးမြှုပ်နှံမှုအား အောက်ပါမူများကို အခြေခံပြီး ခွင့်ပြုရမည် -

(က) အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ အဓိကရည်မှန်းချက်များ၊ နိုင်ငံတော်နှင့် နိုင်ငံသားများက မဆောင်ရွက်နိုင်သေးသော ငွေကြေးအင်အားနှင့် နည်းပညာမပြည့်စုံသောလုပ်ငန်းများကို အထောက်အကူပြုရေး၊

(ခ) အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ပေါ်ပေါက်ရေး၊

(ဂ) ပြည်ပပို့ကုန်တိုးချဲ့တင်ပို့နိုင်ရေး၊

(ဃ) သွင်းကုန်အစားထိုးကုန်ပစ္စည်းများ ထုတ်လုပ်ရေး၊

(င) ရင်းနှီးမြှုပ်နှံမှု များစွာလိုအပ်သည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရေး၊

(စ) အဆင့်မြင့်ကျွမ်းကျင်မှုနည်းပညာရပ်များ တိုးတက်ရရှိရေးနှင့် အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊

(ဆ) မတည်ငွေရင်းကြီးမားသည့်ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို အထောက်အကူပြုရေး၊

(ဇ) စွမ်းအင်သုံးစွဲမှုသက်သာစေမည့်လုပ်ငန်းများ ဖော်ထုတ်ရေး၊

(ဈ) ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး၊

(ည) စွမ်းအင်သစ်များ ရှာဖွေတူးဖော်ထုတ်လုပ်ရေးနှင့် ဇီဝအခြေခံစွမ်းအင်သစ်များကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များ ပေါ်ပေါက်ရေး၊

(ဋ) ခေတ်မီစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊

(ဌ) ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊

(ဍ) သတင်းအချက်အလက်နှင့်နည်းပညာ ရယူဖလှယ်နိုင်ရန် အထောက်အပံ့ဖြစ်စေရေး၊

(ဎ) နိုင်ငံတော်အချုပ်အခြာအာဏာနှင့် ပြည်သူများ၏လုံခြုံမှု မထိခိုက်စေရေး၊

(ဏ) နိုင်ငံသားများ အသိပညာ၊ အတတ်ပညာဖွံ့ဖြိုးတိုးတက်ရေး၊

(တ) နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဘဏ်နှင့်ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊

(ထ) နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လိုအပ်သော ခေတ်မီဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ပေါက်လာစေရေး၊

(ဒ) နိုင်ငံတော်၏ စွမ်းအင်နှင့်သယံဇာတများကို ပြည်တွင်းသုံးစွဲမှု ရေတို၊ ရေရှည် ဖူလုံစေရေး။

## အခန်း (၅)
## ရင်းနှီးမြှုပ်နှံမှုပုံစံ

၉။ ရင်းနှီးမြှုပ်နှံမှုကို အောက်ပါပုံစံတစ်ခုခုဖြင့် ပြုလုပ်ဆောင်ရွက်နိုင်သည် -

(က) ကော်မရှင်က ခွင့်ပြုသောလုပ်ငန်းများ၌ နိုင်ငံခြားသားက နိုင်ငံခြားမတည်ငွေရင်း ရာခိုင်နှုန်း အပြည့်ဖြင့် ပြုလုပ်ခြင်း၊

(ခ) နိုင်ငံခြားသားနှင့် နိုင်ငံသား သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတို့ ဖက်စပ်ပြုလုပ်ခြင်း၊

(ဂ) နှစ်ဦးနှစ်ဖက် သဘောတူသော ပဋိညာဉ်စာချုပ်ပါ စနစ်တစ်ခုခုဖြင့် ဆောင်ရွက်ခြင်း။

၁၀။ (က) ပုဒ်မ ၉ အရ ရင်းနှီးမြှုပ်နှံမှုပုံစံ ဖွဲ့စည်းရာတွင် -

(၁) တည်ဆဲဥပဒေနှင့်အညီ ကုမ္ပဏီအဖြစ် ဖွဲ့စည်းရမည်။

(၂) ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) ပါ ဖက်စပ်လုပ်ငန်းအဖြစ် ဖွဲ့စည်းပါက နိုင်ငံခြားမတည်ငွေနှင့် နိုင်ငံသားမတည်ငွေအချိုးကို ဖက်စပ်လုပ်ငန်းပြုလုပ်သည့် နိုင်ငံခြားသားနှင့် နိုင်ငံသား ရင်းနှီးမြှုပ်နှံမှု နှစ်ဖက်သဘောတူညီချက်အရ သတ်မှတ်နိုင်သည်။

(၃) နိုင်ငံခြားသားက ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် လုပ်ငန်းကဏ္ဍအလိုက် အနည်းဆုံး ရင်းနှီးမြှုပ်နှံရမည့်ပမာဏကို ကော်မရှင်က လုပ်ငန်းသဘာဝအပေါ် မူတည်၍ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက် ရယူသတ်မှတ်ပေးရမည်။

(၄) နိုင်ငံခြားသားသည် တားမြစ်သည့်လုပ်ငန်း၊ ကန့်သတ်သည့်လုပ်ငန်းများကို နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်ပါက နိုင်ငံခြားမတည်ငွေရင်းအချိုးကို နည်းဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် အချိုးအတိုင်း အဆိုပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ရာတွင် ပဋိညာဉ်စာချုပ်ပါ သက်တမ်း မကုန်ဆုံးမီ လုပ်ငန်းရပ်စဲခွင့်ရရှိ၍ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင်လည်းကောင်း၊ လုပ်ငန်း ပြီးဆုံး၍ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင်လည်းကောင်း နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့် အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

## အခန်း (၆)
## ကော်မရှင်ဖွဲ့စည်းခြင်း

၁၁။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(၁) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက် နိုင်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တစ်ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များ၊ သင့်လျော်သောပုဂ္ဂိုလ်များအား အဖွဲ့ဝင်များ အဖြစ်လည်းကောင်း ပါဝင်စေလျက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဖွဲ့စည်းရမည်။

(၂) ကော်မရှင်ကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ခွင့်ပြုသော လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

## အခန်း (၇)
## ကော်မရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၂။ ကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို စိစစ်ရာတွင် အဆိုပြုချက်သည် ဤဥပဒေ အခန်း (၄) ပါ အခြေခံမူများနှင့် ကိုက်ညီမှု ရှိ မရှိ၊ ငွေရေးကြေးရေးယုံကြည်စိတ်ချရမှု၊ လုပ်ငန်း၏စီးပွားရေးတွက်ခြေကိုက်မှု၊ စက်မှုနည်းပညာဆီလျော်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်မှု စသည့် အချက်အလက်များကို သုံးသပ်ခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံသူများက ဥပဒေအရ ခံစားခွင့်ရှိသောအခွင့်အရေးများကို အပြည့်အဝမရရှိကြောင်း တိုင်ကြားလျှင် လိုအပ်သလို အမြန်အရေးယူဆောင်ရွက်ခြင်း၊

(ဂ) အဆိုပြုချက်များကို တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဃ) လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ခြောက်လ တစ်ကြိမ် တင်ပြအစီရင်ခံခြင်း၊

(င) ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ လွယ်ကူစေရန်လည်းကောင်း၊ အားပေးအထောက်အကူပြုရန်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခါအားလျော်စွာ အကြံပြုတင်ပြခြင်း၊

(စ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်သဘောတူညီချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစား၊ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးပမာဏနှင့် လုပ်ငန်းသက်တမ်းတို့ကို သတ်မှတ်ခြင်းနှင့် ယင်းတို့ကို ပြောင်းလဲသတ်မှတ်ခြင်း၊

(ဆ) တိုင်းဒေသကြီးနှင့် ပြည်နယ်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) အသုံးပြုခွင့်ရရှိသောမြေ၏ မြေပေါ်မြေအောက်၌ ခွင့်ပြုသည့်လုပ်ငန်းနှင့်မသက်ဆိုင်ဘဲ မူလစာချုပ်တွင် မပါဝင်သော သဘာဝသယံဇာတပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းကိုဖြစ်စေ တွေ့ရှိလျှင် ကော်မရှင်က ချက်ချင်းသိရှိရန်နှင့် အရေးယူနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ဈ) ရင်းနှီးမြှုပ်နှံသူက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဤဥပဒေ၊ ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များ၊ စာချုပ်ပါအချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ မရှိ စိစစ်ခြင်း၊ လိုက်နာဆောင်ရွက်မှု မရှိပါက လိုက်နာဆောင်ရွက်စေခြင်းနှင့် လိုက်နာဆောင်ရွက်မှုမရှိသော လုပ်ငန်းများကို ဥပဒေနှင့်အညီ အရေးယူခြင်း၊

(ည) အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးရန်မလိုသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို သတ်မှတ်ပေးခြင်း၊

(ဋ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

၁၃။ ကော်မရှင်၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏အကျိုးစီးပွားကို ဖြစ်ထွန်းစေနိုင်သည်ဟု ယူဆပြီး တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်လည်း မဆန့်ကျင်သည့်အဆိုပြုချက်ကို လိုအပ်သောစိစစ်မှုများပြုလုပ်၍ လက်ခံခြင်း၊

(ခ) အဆိုပြုချက်ကို လက်ခံလျှင် ခွင့်ပြုမိန့်ကို ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား ထုတ်ပေးခြင်း၊

(ဂ) ခွင့်ပြုမိန့်သက်တမ်း သို့မဟုတ် သဘောတူညီချက်ကို တိုးမြှင့်ပေးရန်ဖြစ်စေ၊ ပြင်ဆင်ပေးရန် ဖြစ်စေ သက်ဆိုင်ရာတို့က လျှောက်ထားလာလျှင် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ကမကထပြုသူထံမှလည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူထံမှလည်းကောင်း လိုအပ်သည့် အထောက် အထားများကိုဖြစ်စေ၊ အချက်အလက်များကိုဖြစ်စေ တင်ပြရန်တောင်းဆိုခြင်း၊

(င) ရင်းနှီးမြှုပ်နှံသူက ခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ အဆိုပြုတင်သွင်းသော အဆိုပြုချက်၊ ယင်းနှင့် အတူ ပူးတွဲတင်ပြသောစာချုပ်စာတမ်းအထောက်အထားများ သို့မဟုတ် ခွင့်ပြုမိန့်ပါစည်းကမ်းချက် များအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း ခိုင်လုံသော သက်သေခံအထောက်အထားများ ပေါ်ပေါက်လျှင် လုပ်ငန်းကို ဆိုင်းငံ့ထားသည့်အထိ လိုအပ်သည့်အမိန့်တစ်စုံတစ်ရာ ချမှတ်ခြင်း၊

(စ) ငွေရေးကြေးရေးကိစ္စရပ်များ ဆောင်ရွက်ရန် ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူက အဆိုပြု တင်ပြလာသည့်ဘဏ်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း။

၁၄။ ကော်မရှင်သည် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ကော်မတီများနှင့် အဖွဲ့ငယ်များကို လိုအပ်သလိုဖွဲ့စည်းနိုင်သည်။

၁၅။ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာများကို အခါအားလျော်စွာ ပြည်ထောင်စုအစိုးရ အဖွဲ့ အစည်းအဝေးတွင် အစီရင်ခံတင်ပြရမည်။

၁၆။ ကော်မရှင်က ခွင့်ပြုသောလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှုအခြေအနေများကို သုံးလ တစ်ကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

## အခန်း (၈)
## ရင်းနှီးမြှုပ်နှံသူ၏တာဝန်နှင့် အခွင့်အရေးများ

၁၇။ ရင်းနှီးမြှုပ်နှံသူ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများကို လိုက်နာခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံသူသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ ကုမ္ပဏီ ဖွဲ့စည်းပြီး လုပ်ငန်း ဆောင်ရွက်ခြင်း၊

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် ခွင့်ပြုမိန့်တို့ပါ စည်းကမ်းချက်များကို လိုက်နာခြင်း၊

(ဃ) မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရှိသောမြေကို ကော်မရှင်က သတ်မှတ်ထားသော စည်းကမ်းချက်များ၊ စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အသုံးပြုခြင်း၊

(င) ခွင့်ပြုမိန့်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသောမြေနှင့် အဆောက်အအုံများကို လုပ်ငန်းသက်တမ်း ကာလအတွင်း ထိုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်းနှင့် လုပ်ငန်းလွှဲပြောင်းခြင်းတို့ကို ကော်မရှင်၏ခွင့်ပြုချက် ရရှိမှသာ ဆောင်ရွက်ခြင်း၊

(စ) မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသော မြေ၏သဘာဝမြေမျက်နှာသွင်ပြင် သို့မဟုတ် မြေအနိမ့်အမြင့်အနေအထားအား သိသာထင်ရှားစွာ ပြောင်းလဲမှုကို ကော်မရှင်၏ခွင့်ပြုချက်မရှိဘဲ မပြုလုပ်ခြင်း၊

(ဆ) မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသောမြေ၏ မြေပေါ်မြေအောက်၌ ခွင့်ပြုသည့်လုပ်ငန်းနှင့် မသက်ဆိုင်ဘဲ မူလစာချုပ်တွင် မပါဝင်သော သဘာဝသယံဇာတတွင်းထွက်ပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်း၊ ရတနာသိုက်ကိုဖြစ်စေ တွေ့ရှိလျှင် ကော်မရှင်သို့ ချက်ချင်းအကြောင်း ကြားခြင်း၊ ကော်မရှင်က ခွင့်ပြုလျှင် ယင်းမြေပေါ်၌ ဆက်လက်လုပ်ကိုင်နိုင်ခြင်း၊ ဆက်လက် လုပ်ကိုင်ခွင့်မရရှိလျှင် ရင်းနှီးမြှုပ်နှံသူက ရွေးချယ်တင်ပြသည့်နေရာတစ်ခုအား အစားထိုးခွင့်ပြုချက် ရယူ၍ ပြောင်းရွှေ့ဆောင်ရွက်ခြင်း၊

(ဇ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပျက်စီးမှုမဖြစ်စေရန် ဆောင်ရွက်ခြင်း၊

(ဈ) နိုင်ငံခြားကုမ္ပဏီဖြစ်ပါက မိမိ၏အစုရှယ်ယာအားလုံးကို နိုင်ငံခြားသားတစ်ဦးဦး သို့မဟုတ် နိုင်ငံသားတစ်ဦးဦးသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချလျှင် ကော်မရှင်၏ ကြိုတင်ခွင့်ပြုမိန့်ရယူ၍ ခွင့်ပြုမိန့်ကို ပြန်လည်အပ်နှံပြီးမှသာ တည်ဆဲဥပဒေများနှင့်အညီ အစုရှယ်ယာလွှဲပြောင်းခြင်းကို မှတ်ပုံတင်ခြင်း၊

(ည) နိုင်ငံခြားကုမ္ပဏီဖြစ်ပါက မိမိ၏အစုရှယ်ယာအချို့ကို နိုင်ငံခြားသားတစ်ဦးဦး သို့မဟုတ် နိုင်ငံသား တစ်ဦးဦးသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချလျှင် ကော်မရှင်၏ ကြိုတင်ခွင့်ပြုမိန့်ကို ပြန်လည် ရယူပြီးမှသာ တည်ဆဲဥပဒေများနှင့်အညီ အစုရှယ်ယာလွှဲပြောင်းခြင်းကို မှတ်ပုံတင်ခြင်း၊

(ဋ) ရင်းနှီးမြှုပ်နှံသူသည် မိမိဆောင်ရွက်နေသည့် လုပ်ငန်းဆိုင်ရာအဆင့်မြင့်ကျွမ်းကျင်မှုနည်းပညာရပ် များကို သက်ဆိုင်သည့်လုပ်ငန်း၊ ဌာန သို့မဟုတ် အဖွဲ့အစည်းများအား စာချုပ်ပါအတိုင်း စနစ်တကျ လွှဲပြောင်းပေးအပ်ရေးဆောင်ရွက်ခြင်း။

၁၈။ ရင်းနှီးမြှုပ်နှံသူ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မရှင်၏ သဘောတူခွင့်ပြုချက်ဖြင့် အခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ပြုလုပ်ခွင့်ရှိခြင်း၊

(ခ) နိုင်ငံခြားကုမ္ပဏီဖြစ်ပါက မိမိ၏အစုရှယ်ယာအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ၊ နိုင်ငံခြားသား တစ်ဦးဦး/နိုင်ငံသားတစ်ဦးဦး သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခုခု/နိုင်ငံသားကုမ္ပဏီတစ်ခုခုသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချခြင်း၊

(ဂ) မူလအဆိုပြုချက်ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား တိုးချဲ့ခြင်း သို့မဟုတ် နိုင်ငံခြားမတည်ငွေရင်း တိုးမြှင့်ခြင်းများအား ကော်မရှင်၏ခွင့်ပြုချက်ရယူ၍ လုပ်ကိုင်ဆောင်ရွက်ခြင်း၊

(ဃ) တည်ဆဲဥပဒေနှင့်အညီ မိမိရထိုက်ခွင့်ရှိသော အခွင့်အရေးများကို အပြည့်အဝရရှိနိုင်ရန် ပြန်လည် စိစစ်သုံးသပ်၍ ပြင်ဆင်ပေးရေးအတွက် ကော်မရှင်သို့ တင်ပြခြင်း၊

(င) တည်ဆဲဥပဒေနှင့်အညီ အကျိုးခံစားခွင့်များရရှိရေးအတွက်လည်းကောင်း၊ နစ်နာချက်များနှင့် စပ်လျဉ်း၍ အရေးယူပေးရေးအတွက်လည်းကောင်း ကော်မရှင်သို့ တင်ပြလျှောက်ထားခြင်း၊

(စ) ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် နည်းပညာသစ်များ တီထွင်ခြင်း၊ ထုတ်ကုန်အရည်အသွေးတိုးမြှင့်ခြင်း၊ ကုန်ထုတ်စွမ်းအားမြှင့်တင်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု လျှော့ချခြင်းများအတွက် အကျိုးခံစားခွင့်များ ပိုမိုရရှိစေရန် ကော်မရှင်သို့ တင်ပြလျှောက်ထားခြင်း၊

(ဆ) နိုင်ငံတော်တစ်ဝန်းလုံးတွင် ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ စီးပွားရေးဖွံ့ဖြိုးမှုနည်းပါးပြီး ဆက်သွယ် သွားလာရေးခက်ခဲသောဒေသများရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသူများ

အတွက် ကော်မရှင်က ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခန်း (၁၂) ပါ အခွန်ကင်းလွတ်ခွင့်ကာလနှင့် သက်သာခွင့်ကာလများထက် ပိုမို၍သတ်မှတ်ပေးသည်ကို ခံစားခွင့်ရှိခြင်း။

## အခန်း (၉)
## ခွင့်ပြုမိန့်လျှောက်ထားခြင်း

၁၉။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုပါက ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူသည် ခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ အဆိုပြုချက်တင်သွင်းရမည်။

၂၀။ ကော်မရှင်သည် -

(က) ပုဒ်မ ၁၉ အရ တင်သွင်းသော အဆိုပြုချက်ကို ရရှိပါက လိုအပ်သော စိစစ်မှုများပြုလုပ်ပြီး ၁၅ ရက်အတွင်း အဆိုပြုချက်ကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

( ခ ) အဆိုပြုချက်ကို လက်ခံပါက အဆိုပြုချက်တင်သွင်းသူအား ခွင့်ပြုခြင်း သို့မဟုတ် ခွင့်မပြုခြင်းကို ရက်ပေါင်း ၉၀ အတွင်း ဆောင်ရွက်ပေးရမည်။

၂၁။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူသည် ကော်မရှင်က ထုတ်ပေးသော ခွင့်ပြုမိန့်ကို ရရှိပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့် လိုအပ်သော ပဋိညာဉ်စာချုပ် ချုပ်ဆို၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ထောင်ရမည်။

၂၂။ ကော်မရှင်သည် သက်ဆိုင်ရာတို့က လျှောက်ထားလာလျှင် ပဋိညာဉ်စာချုပ်ပါသက်တမ်း သို့မဟုတ် သဘောတူညီချက်ကို ဤဥပဒေနှင့်အညီ သင့်လျော်သလို တိုးမြှင့်ရန်ဖြစ်စေ၊ လျှော့ပေါ့ရန်ဖြစ်စေ၊ ပြင်ဆင်ရန်ဖြစ်စေ ခွင့်ပြုနိုင်သည်။

## အခန်း (၁၀)
## အာမခံထားရှိခြင်း

၂၃။ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်အတွင်း အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည့် အာမခံလုပ်ငန်း တစ်ခုခုတွင် သတ်မှတ်သော အာမခံအမျိုးအစားများကို ထားရှိရမည်။

## အခန်း (၁၁)
## အမှုထမ်းများနှင့်အလုပ်သမားများ ခန့်ထားခြင်း

၂၄။ ရင်းနှီးမြှုပ်နှံသူသည် -

(က) ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းများအတွက် နိုင်ငံသားကျွမ်းကျင်သူအလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများကို ခန့်ထားရာတွင် လုပ်ငန်းစတင်သည့်နှစ်မှ ပထမနှစ်နှစ်အတွင်း၌ နိုင်ငံသား အနည်းဆုံး ၂၅ ရာခိုင်နှုန်း၊ ဒုတိယနှစ်နှစ်အတွင်း၌ အနည်းဆုံး ၅၀ ရာခိုင်နှုန်း၊ တတိယနှစ်နှစ်အတွင်း၌ အနည်းဆုံး ၇၅ ရာခိုင်နှုန်းခန့်ထားပြီးဖြစ်ရမည်။ သို့ရာတွင် အသိပညာကို အခြေခံသောလုပ်ငန်းများအတွက် ကော်မရှင်က သင့်လျော်သောအချိန်ကန့်သတ်ချက်ကို တိုးမြှင့်ပြောင်းလဲနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ ခန့်ထားနိုင်ရန် နိုင်ငံသားဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်မှု တိုးတက်လာစေရေးအတွက် လေ့ကျင့်ပေးခြင်း၊ သင်တန်းပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးရမည်။

( ဂ ) ကျွမ်းကျင်မှုမလိုသောလုပ်ငန်းများတွင် နိုင်ငံသားများကိုသာ ခန့်ထားရမည်။

(ဃ) အလုပ်သမားစုဆောင်းခြင်းကို အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးမှလည်းကောင်း၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး ကိုယ်စားလှယ်များမှလည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူ၏အစီအစဉ်ဖြင့်လည်းကောင်း ဆောင်ရွက်ရမည်။

(င) နိုင်ငံသားကျွမ်းကျင်သူအလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများခန့်ထားရာတွင် တည်ဆဲ အလုပ်သမားဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို အလုပ်ရှင်နှင့်အလုပ်သမားတို့ နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုး၍ ခန့်ထားရမည်။

(စ) ပညာရှင်အဆင့် အချိုးကျခွဲဝေမှုအဖြစ် နိုင်ငံခြားသားဝန်ထမ်းများနည်းတူ မြန်မာနိုင်ငံသားဝန်ထမ်းများ ခန့်ထားရာတွင် လုပ်ခအဆင့်ကို ခွဲခြားမှုမရှိစေရန် အခွင့်အရေးများ စီမံဆောင်ရွက်ပေးရမည်။

၂၅။ ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် အလုပ်လုပ်ကိုင်သည့် နိုင်ငံခြားသားများသည် နိုင်ငံတော်က ထုတ်ပေးသော အလုပ်လုပ်ခွင့်လက်မှတ်၊ ပြည်တွင်းနေထိုင်ခွင့်လက်မှတ် ရရှိရေးအတွက် ကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

၂၆။ ရင်းနှီးမြှုပ်နှံသူသည် -

(က) အမှုထမ်းများနှင့် အလုပ်သမားများကို ခန့်ထားရာ၌ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို သတ်မှတ်ချက်များနှင့်အညီ ချုပ်ဆိုရမည်။

(ခ) အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်ပါ အလုပ်ရှင်နှင့်အလုပ်သမားတို့၏ အခွင့်အရေးနှင့် တာဝန်များကိုလည်းကောင်း၊ အလုပ်အကိုင်ဆိုင်ရာ စည်းကမ်းချက်များကိုလည်းကောင်း သတ်မှတ်ရာ၌ အနည်းဆုံး လုပ်ခလစာ၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ အချိန်ပိုလုပ်ခ၊ နစ်နာကြေး၊ အလုပ်သမားလျော်ကြေး၊ လူမှုဖူလုံရေးနှင့် အလုပ်သမားများနှင့်သက်ဆိုင်သည့် အခြားအာမခံထားရှိခြင်းတို့ အပါအဝင် တည်ဆဲ အလုပ်သမားဆိုင်ရာဥပဒေ၊ နည်းဥပဒေများပါ အခွင့်အရေးများရရှိရေးအတွက် ဆောင်ရွက်ပေးရမည်။

(ဂ) အလုပ်ရှင်အချင်းချင်း၊ အလုပ်သမားအချင်းချင်း၊ အလုပ်ရှင်နှင့်အလုပ်သမား၊ အလုပ်သမားနှင့် အတတ်ပညာရှင် သို့မဟုတ် ဝန်ထမ်းတို့အကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းရမည်။

## အခန်း (၁၂)

## ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ

၂၇။ ကော်မရှင်သည် နိုင်ငံတော်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အားပေးအထောက်အကူပြုရန်အလို့ငှာ ရင်းနှီးမြှုပ်နှံသူအား အောက်ပါအခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များအနက် ပုဒ်မခွဲ (က) ပါ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို ခွင့်ပြုရမည်။ ထို့ပြင် ကျန်ရှိသောအခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ရပ်ထက်ပို၍ဖြစ်စေ၊ အားလုံးကိုဖြစ်စေ ခံစားခွင့်ပြုရန် တင်ပြလျှောက်ထားလာလျှင် ခွင့်ပြုနိုင်သည် -

(က) ကုန်ထုတ်လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု စီးပွားဖြစ်စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း ငါးနှစ်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ ထို့ပြင် နိုင်ငံတော်အတွက် အကျိုးကျေးဇူးရှိလျှင် ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်း၏ အောင်မြင်မှုပေါ်မူတည်၍ သင့်လျော်သောကာလအတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ခ) လုပ်ငန်းမှရရှိသည့်အမြတ်ငွေကို ပြန်လည်ရင်းနှီးမြှုပ်နှံရန်အတွက် သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်း ယင်းလုပ်ငန်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ဂ) ဝင်ငွေခွန်စည်းကြပ်ရန်ကိစ္စအလို့ငှာ စက်ပစ္စည်း၊ စက်ကိရိယာ၊ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းသုံး အခြားမတည်ပစ္စည်းများအပေါ်တွင် နိုင်ငံတော်က သတ်မှတ်ထားသည့် ပစ္စည်းတန်ဖိုး လျှော့တွက်နှုန်းများအတိုင်း တွက်ချက်ပြီး ပစ္စည်းတန်ဖိုးလျှော့တွက်ငွေကို အမြတ်ငွေထဲမှ နုတ်ပယ်ခွင့်၊

(ဃ) ကုန်ထုတ်လုပ်ငန်းတစ်ခုခုက ထုတ်လုပ်သည့်ပစ္စည်းကို ပြည်ပသို့ တင်ပို့ရောင်းချလျှင် ထိုသို့ တင်ပို့ရောင်းချ၍ရရှိသော အမြတ်ငွေအပေါ်တွင် ၅၀ ရာခိုင်နှုန်းအထိ ဝင်ငွေခွန်သက်သာခွင့်၊

(င) နိုင်ငံခြားသားများ၏ ဝင်ငွေအပေါ်တွင် ပြည်တွင်းနေ နိုင်ငံသားများ ပေးဆောင်သည့် ဝင်ငွေခွန် နှုန်းထားများအတိုင်း ဝင်ငွေခွန်ပေးဆောင်ခွင့်၊

(စ) နိုင်ငံတော်အတွင်း အမှန်တကယ်လိုအပ်၍ ဆောင်ရွက်သည့်လုပ်ငန်းဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို အခွန်စည်းကြပ်ထိုက်သောဝင်ငွေမှ နုတ်ပယ်ခွင့်၊

(ဆ) လုပ်ငန်းတစ်ခုချင်းအလိုက် ပုဒ်မခွဲ (က) ပါ ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ခံစားပြီး တစ်ဆက်တည်း နှစ်နှစ်အတွင်း အမှန်တကယ်ပေါ်ပေါက်သည့် အရှုံးငွေကို ယင်းသို့ အရှုံးပေါ်ပေါက်သည့်နှစ်မှစ၍ တစ်ဆက်တည်း သုံးနှစ်ကာလအထိ သယ်ယူခုနှိမ်ခွင့်၊

(ဇ) လုပ်ငန်းတည်ဆောက်မှုကာလအတွင်း အမှန်တကယ်အသုံးပြုရန် လိုအပ်၍ တင်သွင်းသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ဈ) လုပ်ငန်းတည်ဆောက်မှုပြီးစီး၍ ပထမသုံးနှစ်အတွက် ကုန်ထုတ်လုပ်ရန် တင်သွင်းသည့် ကုန်ကြမ်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကို ဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ည) ကော်မရှင်၏ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ပြီး မူလရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအား ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း တိုးချဲ့လုပ်ကိုင်ပါက ယင်းသို့တိုးချဲ့သည့်လုပ်ငန်းအတွက် အမှန်တကယ် အသုံးပြုရန်လိုအပ်၍ တင်သွင်းသောစက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံး အဆောင် တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ဋ) ပြည်ပသို့ တင်ပို့ရန် ထုတ်လုပ်သည့်ပစ္စည်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်။

## အခန်း (၁၃)

## အာမခံချက်များ

၂၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းသည့် စီးပွားရေးလုပ်ငန်းကို ပဋိညာဉ်စာချုပ်ပါ သက်တမ်း သို့မဟုတ် ယင်းသက်တမ်းကို တိုးမြှင့်ပေးလျှင် ယင်းသို့တိုးမြှင့်ပေးသည့်သက်တမ်းအတွင်း နိုင်ငံပိုင်ပြုလုပ်ခြင်းမပြုဟု အာမခံသည်။

၂၉။ ကော်မရှင်၏ ခွင့်ပြုမိန့်အရ ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုခုအား ခွင့်ပြုချက် သက်တမ်းမကုန်ဆုံးမီ လုံလောက်သော အကြောင်းတစ်စုံတစ်ရာမရှိဘဲ ရပ်ဆိုင်းခြင်းမပြုရန် ပြည်ထောင်စု အစိုးရအဖွဲ့က အာမခံသည်။

၃၀။ ပဋိညာဉ်စာချုပ်သက်တမ်းကုန်ဆုံးလျှင် နိုင်ငံခြားမတည်ငွေရင်းဖြင့် ရင်းနှီးမြှုပ်နှံသူအား ယင်း၏ ရပိုင်ခွင့်များကို ရင်းနှီးမြှုပ်နှံရာ၌ ထည့်ဝင်ခဲ့သော နိုင်ငံခြားငွေအမျိုးအစားဖြင့် ထုတ်ပေးရန် ပြည်ထောင်စု အစိုးရအဖွဲ့က အာမခံသည်။

## အခန်း (၁၄)
## မြေအသုံးပြုခွင့်

၃၁။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူအား အမှန်လိုအပ်သည့် မြေငှားရမ်းခွင့်ကာလ သို့မဟုတ် မြေအသုံးပြုခွင့်ကာလကို စီးပွားရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏအပေါ် မူတည်၍ ကနဦး နှစ် ၅၀ အထိ ခွင့်ပြုနိုင်သည်။

၃၂။ ကော်မရှင်သည် ပုဒ်မ ၃၁ အရ ခွင့်ပြုထားသောသက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင် လိုသော ရင်းနှီးမြှုပ်နှံသူအား ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ တစ်ဆက်တည်း သက်တမ်းတိုးခွင့် ၁၀ နှစ်နှင့် ယင်းသက်တမ်းကုန်ဆုံးပြီး ထပ်မံ၍ ၁၀ နှစ်သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

၃၃။ ကော်မရှင်သည် နိုင်ငံတော်၏စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူထံမှ ကနဦး သဘောတူညီချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင် သဘောတူညီချက်ဖြင့် ယင်းမြေပေါ်တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ခွင့်ပြုနိုင်သည်။

၃၄။ ကော်မရှင်သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင် မြေငှားရမ်းခနှုန်းထားများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်သဘောတူညီချက်ဖြင့် အခါအားလျော်စွာ သတ်မှတ်ပေးနိုင်သည်။

၃၅။ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံသားများလုပ်ကိုင်ခွင့်ရရှိထားသည့် မြေယာများ၌ စိုက်ပျိုးရေးလုပ်ငန်း များနှင့် မွေးမြူရေးလုပ်ငန်းများ ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်ရာတွင် နိုင်ငံသားရင်းနှီးမြှုပ်နှံသူနှင့် ဖက်စပ် စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ရှိသည်။

၃၆။ ကော်မရှင်သည် နိုင်ငံတော်တစ်ဝန်းလုံးတွင် ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ စီးပွားရေးဖွံ့ဖြိုးမှုနည်းပါးပြီး ဆက်သွယ်သွားလာရေးခက်ခဲသောဒေသများတွင် ရင်းနှီးမြှုပ်နှံသူများအတွက် ဤဥပဒေပါ မြေငှားရမ်းခွင့် ကာလ သို့မဟုတ် မြေအသုံးပြုခွင့်ကာလထက် ပိုမို၍ ခံစားခွင့်ရရှိစေရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်။

## အခန်း (၁၅)
## နိုင်ငံခြားမတည်ငွေရင်း

၃၇။ ကော်မရှင်သည် နိုင်ငံခြားမတည်ငွေရင်းကို ဘဏ်က လက်ခံခွင့်ပြုဆောင်ရွက်ပေးသည့် နိုင်ငံခြား ငွေကြေးအမျိုးအစားအတိုင်း ရင်းနှီးမြှုပ်နှံသူ၏အမည်ဖြင့် မှတ်ပုံတင်ရမည်။ ထိုသို့မှတ်ပုံတင်ရာတွင် နိုင်ငံခြား မတည်ငွေရင်းအမျိုးအစားများကို ဖော်ပြရမည်။

၃၈။ လုပ်ငန်းကို ရပ်စဲလျှင် ကော်မရှင်က သတ်မှတ်သည့်ပြန်လည်ထုတ်ယူနိုင်သော နိုင်ငံခြားမတည် ငွေရင်းကို သတ်မှတ်သည့်အချိန်ကာလအတွင်း နိုင်ငံခြားမတည်ငွေရင်း ယူဆောင်လာသူက ပြန်လည် ထုတ်ယူနိုင်သည်။

## အခန်း (၁၆)
## နိုင်ငံခြားငွေလွှဲပြောင်းနိုင်ခွင့်

၃၉။ ရင်းနှီးမြှုပ်နှံသူသည် အောက်ပါငွေများကို သက်ဆိုင်ရာနိုင်ငံခြားငွေဖြင့် သတ်မှတ်သည့်ငွေလဲလှယ်နှုန်း အတိုင်း နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသော ဘဏ်မှတစ်ဆင့် နိုင်ငံခြားသို့ လွှဲပြောင်းနိုင်ခွင့်ရှိသည် -

(က) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာသူ ရသင့်သည့် နိုင်ငံခြားငွေ၊

(ခ) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာသူအား ပြန်လည်ထုတ်ယူရန် ကော်မရှင်က ခွင့်ပြုသော နိုင်ငံခြားငွေ၊

(ဂ) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာသူ ရရှိသည့် နှစ်စဉ်အမြတ်ငွေမှ အခွန်အရပ်ရပ်နှင့် သက်ဆိုင်သည့်ရန်ပုံငွေများ နုတ်ပြီးနောက် ကျန်ရှိသော အသားတင်အမြတ်ငွေ၊

(ဃ) နိုင်ငံခြားသားအမှုထမ်းများက နိုင်ငံတော်တွင် လုပ်ကိုင်ဆောင်ရွက်၍ ရရှိသောလစာငွေနှင့် လုပ်ငန်းမှ တရားဝင်ရရှိငွေတို့မှ ပေးဆောင်ရန်ရှိသော အခွန်အကောက်များကို ပေးဆောင်စေပြီး ၎င်းနှင့် ၎င်း၏မိသားစု နေထိုင်စားသောက်မှုကုန်ကျစရိတ်တို့ကို သတ်မှတ်သည့်နည်းလမ်းအတိုင်း နုတ်ပယ်၍ တရားဝင်ကျန်ရှိငွေ။

## အခန်း (၁၇)
## နိုင်ငံခြားငွေရေးကြေးရေးကိစ္စ

၄၀။ ရင်းနှီးမြှုပ်နှံသူသည် -

(က) သက်ဆိုင်ရာနိုင်ငံခြားငွေဖြင့် သတ်မှတ်သည့် ငွေလဲလှယ်နှုန်းအတိုင်း နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသော ဘဏ်တစ်ခုခုမှတစ်ဆင့် နိုင်ငံခြားသို့ ငွေလွှဲပြောင်း နိုင်ခွင့်ရှိသည်။

(ခ) နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသောဘဏ်က လက်ခံဆောင်ရွက်လျက် ရှိသော နိုင်ငံခြားငွေအမျိုးအစားဖြင့် နိုင်ငံခြားငွေစာရင်းကိုလည်းကောင်း၊ ကျပ်ငွေစာရင်းကို လည်းကောင်း ဖွင့်လှစ်၍ လုပ်ငန်းနှင့်သက်ဆိုင်သော ငွေရေးကြေးရေးကိစ္စများကို ဆောင်ရွက် ရမည်။

၄၁။ ခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းတစ်ခုခုတွင် အမှုထမ်းသော နိုင်ငံခြားသား များသည် နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသော ဘဏ်တစ်ခုခုတွင် ယင်းဘဏ်က လက်ခံဆောင်ရွက်လျက်ရှိသော နိုင်ငံခြားငွေအမျိုးအစားဖြင့် နိုင်ငံခြားငွေစာရင်းကိုလည်းကောင်း၊ ကျပ်ငွေ စာရင်းကိုလည်းကောင်း ဖွင့်လှစ်ဆောင်ရွက်ရမည်။

## အခန်း (၁၈)
## စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်များ

၄၂။ ကော်မရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် ရင်းနှီးမြှုပ်နှံသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ် တစ်ရပ်ရပ်ကိုဖြစ်စေ၊ ပြစ်ဒဏ်များကိုဖြစ်စေ ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ယာယီရပ်ဆိုင်းခြင်း၊

(ဂ) ခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(ဃ) နောင်တွင် မည်သည့်ခွင့်ပြုမိန့်မျှ ထုတ်ပေးမည်မဟုတ်သော နာမည်ပျက်စီးပွားရေးလုပ်ငန်း စာရင်း၌ ထည့်သွင်းခြင်း။

## အခန်း (၁၉)
## အငြင်းပွားမှုဖြေရှင်းခြင်း

၄၃။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်ပါက -

(က) အငြင်းပွားသူပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုကို ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်း ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖြေရှင်း၍ ပြေလည်မှုမရရှိပါက -

(၁) သက်ဆိုင်ရာစာချုပ်တွင် အငြင်းပွားမှုဖြေရှင်းနည်း သတ်မှတ်ထားခြင်းမရှိလျှင် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(၂) သက်ဆိုင်ရာစာချုပ်တွင် အငြင်းပွားမှုဖြေရှင်းနည်း သတ်မှတ်ထားခြင်းရှိလျှင် ယင်းသတ်မှတ် ထားသည့် ဖြေရှင်းနည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၂၀)
## အထွေထွေ

၄၄။ ကော်မရှင်သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စွမ်းအင်လိုအပ်ချက်ပြည့်မီရန် ထုတ်လုပ်ပြီးမှ ပိုလျှံသည်ကို ပြည်ပသို့တင်ပို့ရောင်းချရန် ရည်ရွယ်ချက်ဖြင့် ရင်းနှီးမြှုပ်နှံသူက ရေနံနှင့်သဘာဝဓာတ်ငွေ့၊ သတ္တု စသည့် မတည်ငွေရင်းကြီးမားသော ထုတ်လုပ်မှုလုပ်ငန်းများတွင် နိုင်ငံတော် သို့မဟုတ် နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်စေလျက် ရင်းနှီးမြှုပ်နှံသူ၏ မတည်ရင်းနှီးငွေကို အပြည့်အဝသုံးစွဲ၍ သတ်မှတ်ထားသည့် လုပ်ကွက်၌ သတ်မှတ်ထားသောကာလအတွင်း ဖြစ်နိုင်စွမ်း ရှိ မရှိ လေ့လာခြင်း၊ စမ်းသပ်ရှာဖွေခြင်း၊ တိုင်းတာ ခြင်းနှင့် တူးဖော်ခြင်း၊ စီးပွားဖြစ်ထုတ်လုပ်နိုင်စွမ်းရှိသည့်အဆင့်သို့ ရောက်ရှိစေရန် ဆောင်ရွက်ခြင်းများ အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့က ဥပဒေနှင့်အညီ အခွင့်အာဏာ အပ်နှင်းထားသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ရင်းနှီးမြှုပ်နှံသူတို့အကြား ထုတ်လုပ်မှုအပေါ် အကျိုး အမြတ် ခွဲဝေခံစားခြင်း သို့မဟုတ် ရရှိသည့် အကျိုးအမြတ်အပေါ် အချိုးကျခွဲဝေခံစားခြင်းစနစ်တို့ဖြင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အဆိုပြုတင်ပြလာလျှင် စိစစ်၍ ဤဥပဒေနှင့်အညီ ခွင့်ပြုနိုင်သည်။ ထိုရင်းနှီးမှု လုပ်ငန်းသည် စီးပွားဖြစ်ထုတ်လုပ်နိုင်စွမ်းရှိပါက အကျိုးအမြတ်ကာမိစေရန်အတွက် ပြည်ထောင်စုအစိုးရ အဖွဲ့ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့က ဥပဒေနှင့်အညီ အခွင့်အာဏာအပ်နှင်းထားသော အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်း၊ နိုင်ငံသားနှင့်ဖက်စပ်လုပ်ကိုင်သူ၊ ရင်းနှီးမြှုပ်နှံသူတို့အကြား အချိုးကျ အကျိုး အမြတ် ခွဲဝေခံစားခွင့်ရှိစေရမည်။

၄၅။ ဤဥပဒေကို မပြဋ္ဌာန်းမီက ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၁၉၈၈) အရ ရင်းနှီးမြှုပ်နှံသူများအား ဤဥပဒေအရ သတ်မှတ်သည့် ရင်းနှီးမြှုပ်နှံသူများဖြစ်သည်ဟု မှတ်ယူရမည်။

၄၆။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ ပြုစုတင်ပြသော အဆိုပြုချက်နှင့်အတူ ပူးတွဲပါစာရင်းဇယားများ၊ စာချုပ်စာတမ်းအထောက်အထားများ၊ ငွေရေးကြေးရေး၊ အလုပ်သမားခန့်ထားရေးဆိုင်ရာ အထောက်အထားများ စသည်တို့ကို တမင် မမှန်မကန်ဖော်ပြကြောင်း သို့မဟုတ် ထိမ်ချန်ကြောင်း ခိုင်လုံသောသက်သေခံအထောက်အထားများ ပေါ်ပေါက်လျှင် ပြစ်မှုကြောင်း အရ အရေးယူခြင်းခံရမည်။

၄၇။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။

၄၈။ ကော်မရှင်သည် အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

၄၉။ ဤဥပဒေက အပ်နှင်းသော လုပ်ပိုင်ခွင့်အရ ကော်မရှင်က ချမှတ်သောအဆုံးအဖြတ်သည် အပြီး အပြတ် အတည်ဖြစ်သည်။

၅၀။ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေအထောက်အထားခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီ သို့မဟုတ် အဖွဲ့ငယ်၏ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ တရားမ ကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။

၅၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုသည် ကော်မရှင်၏ -

(က) ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်၊

(ခ) ကုန်ကျစရိတ်များကို ကျခံရမည်။

၅၂။ ဤဥပဒေဖြင့် ရုပ်သိမ်းမည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၁၉၈၈) အရ ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင် လျက်ရှိသော ရင်းနှီးမြှုပ်နှံသူသည် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များ၊ သက်ဆိုင်ရာသဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ သက်တမ်းကာလကုန်ဆုံးသည်အထိ ဆက်လက်လုပ်ကိုင်ခွင့်၊ အကျိုးခံစားခွင့် ရှိစေရမည်။

၅၃။ ကော်မရှင်သည် ပုဒ်မ ၃ နှင့် ပုဒ်မ ၅ တို့အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ခွင့်ပြုရာတွင် အရေးကြီးသည့်ကိစ္စရပ်အဖြစ် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထိခိုက်လာပါက ပြည်ထောင်စု အစိုးရအဖွဲ့မှတစ်ဆင့် အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြဆောင်ရွက်ရမည်။

၅၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အတည်ပြု လက်ခံထားသော အပြည်ပြည်ဆိုင်ရာစာချုပ်များနှင့် သဘောတူညီချက်ပါ အချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင် ကွဲလွဲပါက အပြည်ပြည်ဆိုင်ရာစာချုပ်များနှင့် သဘောတူညီချက်ပါအချက်များကို လိုက်နာရမည်။

၅၅။ ဤဥပဒေကို ပြဋ္ဌာန်းပြီးနောက် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းခြင်း မပြုနိုင်သေးမီကာလအတွင်း ဤဥပဒေနှင့် မဆန့်ကျင်လျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၁၉၈၈) အရ ထုတ်ပြန် ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအား ဆက်လက်ကျင့်သုံးနိုင်သည်။

၅၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို ဤဥပဒေအတည်ဖြစ်သောနေ့မှ ရက်ပေါင်း ၉၀ အတွင်း ထုတ်ပြန်ရမည်။

(ခ) ကော်မရှင်သည် လိုအပ်သော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၅၇။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၁၉၈၈) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် )

## ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားသော ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန် ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း
# ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် )

ခုနှစ်၊ လ ရက်

( ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (တ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(တ) **နည်းပညာကျွမ်းကျင်သူ**ဆိုသည်မှာ ကျန်းမာရေးဝန်ကြီးဌာနကဖြစ်စေ၊ ကာကွယ်ရေးဝန်ကြီးဌာနကဖြစ်စေ၊ ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရဖြစ်စေ ကျန်းမာရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာနည်းပညာရပ်များကို သင်ကြားပေးရန် ဖွင့်လှစ်သော သင်တန်း၊ ကျောင်း၊ သိပ္ပံ၊ ကောလိပ် သို့မဟုတ် တက္ကသိုလ်က အပ်နှင်းသည့် လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ သို့မဟုတ် ဒီဂရီရရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ပက အပ်နှင်းပြီး ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုသည့် လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ သို့မဟုတ် ဒီဂရီရရှိသူလည်း ပါဝင်သည်။"

၃။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"( င ) ပြင်ပလူနာကိုဖြစ်စေ၊ အတွင်းလူနာကိုဖြစ်စေ ခွဲစိတ်မွေးဖွားခြင်းမဟုတ်သော သတ်မှတ်ခွင့်ပြုထားသည့် မွေးဖွားခြင်းများ ပြုလုပ်နိုင်ရန် ပိုးမွှားကင်းစင်သည့်အခန်းနှင့် လိုအပ်သောပစ္စည်းကိရိယာများ ထားရှိခြင်း။"

၄။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ (၁၀) တွင် -

(က) ပုဒ်မခွဲ (ဇ) ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ)၊ (တ) နှင့် (ထ) တို့ကို ပုဒ်မခွဲ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ)၊ နှင့် (တ) တို့အဖြစ် ပြောင်းလဲသတ်မှတ်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် )

## အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားသော အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

## အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်        )**

ခုနှစ်၊ လ ရက်

( ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) အစားအသောက်ဆိုသည်မှာ ဆေးဝါး၊ ဆေးရွက်ကြီးနှင့် အလှကုန်ပစ္စည်းမှအပ လူတို့စားသောက်နိုင်သော စားသောက်ဖွယ်ရာနှင့် ယင်းတို့တွင်ပါရှိသော ပစ္စည်း သို့မဟုတ် အစားအသောက်ထပ်ဖြည့်ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကျန်းမာရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ အစားအသောက်ဟု သတ်မှတ်သောပစ္စည်းလည်း ပါဝင်သည်။"

၃။ အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၁၈၊ ၂၂၊ ၂၄၊ ၂၅ နှင့် ၃၁ တို့တွင်ပါရှိသော "သိုလှောင်ခြင်း"၊ ဆိုသည့် စကားရပ်၏နောက်တွင် "သယ်ယူပို့ဆောင်ခြင်း"၊ ဆိုသည့် စကားရပ်ကို အသီးသီးဖြည့်စွက်ရမည်။

၄။ အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၄ တွင် ပါရှိသော -

(က) ပုဒ်မခွဲ (က) ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (ခ) ကို ပုဒ်မခွဲ (က) အဖြစ် အောက်ပါအတိုင်း အစားထိုးရမည် -

"(က) အောက်ဖော်ပြပါ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦးစီ -

(၁) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၂) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(၃) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ"

(ဂ) ပုဒ်မခွဲ (ဂ) အား ပုဒ်မခွဲ (ခ) အဖြစ် ပြောင်းလဲသတ်မှတ်ရမည်။

၅။ အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) ၌ ပါရှိသော "သိုလှောင်ခြင်း" ဆိုသည့် စကားရပ်၏နောက်တွင် "၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မခွဲ (ခ) ၌ ပါရှိသော "သိုလှောင်သော" ဆိုသည့် စကားရပ်၏နောက်တွင် "၊ သယ်ယူပို့ဆောင်သော၊ ဖြန့်ဖြူးသော" ဆိုသည့် စကားရပ်ကိုလည်းကောင်း ဖြည့်စွက်ရမည်။

၆။ အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ တို့၌ ပါရှိသော "သက်ဆိုင်ရာဝန်ကြီး သို့မဟုတ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ" ဆိုသည့် စကားရပ်ကို "သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ သို့မဟုတ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၇။ အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ် သို့မဟုတ် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်တွင် သက်ဆိုင်ရာစည်ပင်သာယာရေး ကော်မတီနှင့် ညှိနှိုင်း၍လည်းကောင်း၊ အခြားဒေသများတွင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး ဌာနနှင့် ညှိနှိုင်း၍လည်းကောင်း သင့်လျော်သောဝန်ထမ်းများကို အစားအသောက်စစ်ဆေးရေးမှူးများ အဖြစ် တာဝန်ပေးအပ်နိုင်သည်။"

၈။ အမျိုးသားအစားအသောက်ဥပဒေတွင် -

(က) ပုဒ်မ ၂၆ ၌ ပါရှိသော "ငွေဒဏ် ကျပ် ၁၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ကျပ် တစ်သိန်းထက် မပိုသောငွေဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၂၇ ၌ ပါရှိသော "ငွေဒဏ် ကျပ် ၅၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ် ကျပ်ငါးထောင်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) ၌ ပါရှိသော "ငွေဒဏ်ကျပ် ၃၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ (ခ) ၌ ပါရှိသော "ငွေဒဏ်ကျပ် ၁၀၀၀၀ အထိ ဆိုသည့် စကားရပ်ကို "ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(ဃ) ပုဒ်မ ၂၉ ၌ ပါရှိသော "ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မ ၃၀ နှင့် ၃၁ တို့၌ ပါရှိသော "ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၃၂ တွင် -

(က) ပုဒ်မခွဲ (က) နှင့် (ခ) တို့၌ ပါရှိသော "ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်များ" ဆိုသည့် စကားရပ်၏ရှေ့တွင် "နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မခွဲ (ခ) ၌ ပါရှိသော "သက်ဆိုင်ရာရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ" ဆိုသည့် စကားရပ်ကို "သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ၊ အာဏာပိုင်အဖွဲ့ကဖြစ်စေ လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၁၃၇၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

( ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် )

အမှတ် ၆၄၁ ။ ။ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး/ဒုတိယမြို့နယ်တရားသူကြီး (၅) ဦးအား ယင်းတို့အမည်နှင့်ယှဉ်တွဲဖော်ပြထားသည့် တာဝန်များကို ထမ်းဆောင်ရန် သက်ဆိုင်ရာဒေသအသီးသီးသို့ ပြောင်းရွှေ့နေရာချထားလိုက်သည် -

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | လက်ရှိထမ်းဆောင်နေသည့် တာဝန်နှင့်ဒေသ | ပြောင်းရွှေ့ထမ်းဆောင်ရမည့် တာဝန်နှင့်ဒေသ |
|---|---|---|---|
| ၁။ | ဦးညီညီထွန်း<br>တ/၂၆၂၈ | ဒုတိယဦးစီးမှူး<br>ခရိုင်တရားရုံး<br>တာချီလိတ်ခရိုင် | ဒုတိယမြို့နယ်တရားသူကြီး<br>မြို့နယ်တရားရုံး<br>တာချီလိတ် |
| ၂။ | ဦးဇော်ဇော်ထွန်း<br>တ/၂၆၄၂ | ဒုတိယမြို့နယ်တရားသူကြီး<br>မြို့နယ်တရားရုံး<br>သာကေတ | ဒုတိယမြို့နယ်တရားသူကြီး<br>မြို့နယ်တရားရုံး<br>ဖားကန့် |
| ၃။ | ဒေါ်ဝတ်မှုန်<br>တ/၂၆၄၆ | ဒုတိယဦးစီးမှူး<br>ခရိုင်တရားရုံး<br>နေပြည်တော်ခရိုင် | ဒုတိယမြို့နယ်တရားသူကြီး<br>မြို့နယ်တရားရုံး<br>ဇမ္ဗူသီရိ |
| ၄။ | ဒေါ်ယင်းမာ<br>တ/၂၉၄၂ | ဒုတိယဦးစီးမှူး<br>ခရိုင်တရားရုံး<br>တမူးခရိုင် | ဒုတိယမြို့နယ်တရားသူကြီး<br>မြို့နယ်တရားရုံး<br>ကျောက်တန်း |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | လက်ရှိထမ်းဆောင်နေသည့် တာဝန်နှင့်ဒေသ | ပြောင်းရွှေ့ထမ်းဆောင်ရမည့် တာဝန်နှင့်ဒေသ |
|---|---|---|---|
| ၅။ | ဦးငွေလ်ခန့်ကပ် တ/၂၂၂၀ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားရုံး ဂန့်ဂေါ | ဒုတိယမြို့နယ်တရားသူကြီး မြို့နယ်တရားရုံး အမရပူရ |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၆၄၇/၂၀၁၂)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
( ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ဂန့်ဂေါမြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီး ဒေါ်အေးအေးလွင် (တ/၂၅၁၂) အား မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက် )

အမှတ် ၇၀၄ ။ ။ ကယားပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်တရားရေးဦးစီးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူး (ပြည်နယ်တရားရေးဦးစီးမှူးတာဝန်) ဦးကိုကိုဦး (တ/၁၈၂၆) အား ညွှန်ကြားရေးမှူးအဆင့်ရာထူးသို့ အစမ်းတိုးမြှင့်ခန့်ထားပြီး ကယားပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်တရားရေးဦးစီးမှူးရုံး၊ ပြည်နယ်တရားရေးဦးစီးမှူးအဖြစ် နေရာချထားလိုက်သည်။

အစမ်းခန့်ထားသည့်ကာလ တစ်နှစ်ကုန်ဆုံးသည့်အခါ ၎င်း၏တာဝန်ဝတ္တရားဆောင်ရွက်မှု ကျေနပ်ဖွယ်တွေ့ရှိပါက တိုးမြှင့်ခန့်ထားသည့်ရာထူးတွင် အတည်ပြုခန့်ထားမည်ဖြစ်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**ပြည်ထောင်စုဝန်ကြီးရုံး**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်

( ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက် )

အမှတ် ၃၃ ။ ။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်စွဲပါ စာအမှတ်၊ ၁၁၈ (၁)/၈/သမ္မတရုံးအရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ယခင်စည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုအား ကျေးလက်ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၂၁၀,၀၀၀-၂,၀၀၀-၂၂၀,၀၀၀) အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းလဲခန့်ထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နယ်စပ်ရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၂)**

၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်

( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် )

**၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်သွင်းသော ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

စိန်တင်ဝင်း၊
ဥက္ကဋ္ဌ၊
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်။

# ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

## ( ၂၀၁၂ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၆။ )

၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်

( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် )

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်ရမည်။

### အခန်း (၂)

### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဇယား (၁) နှင့် (၂) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၂ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၂ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မြင့်ဆွေ၊
ဝန်ကြီးချုပ်၊
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့။

ဇယား (၁)
(ကျပ်သန်းပေါင်း)

## ရန်ကုန်တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများ

| အမှတ်စဉ် | ၂၀၁၂ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | ၀ | တရားစီရင်ရေး အဖွဲ့အစည်းများ<br>တရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၂၀. ၀၆၈ | | | | | | |
| | | | ပေါင်း | | ၂၀. ၀၆၈ | | | | | | |

ဇယား (၂)
(ကျပ်သန်းပေါင်း)

## ရန်ကုန်တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများ

| အမှတ်စဉ် | ၂၀၁၂ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အကျိုးဆောင်ငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၃၉၁. ၂၈၅ | | | ၅၉၇၂၈. ၄၄၇ | | | |
| | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၃၁၆. ၂၈၅ | | | ၅၉၇၂၈. ၄၄၇ | | | |
| | | ၃ | အကျဉ်းဦးစီးဌာန | | ၇၅. ၀၀၀ | | | | | | |
| ၂ | ၃ | | သမဝါယမ | ၎င်း | ၂. ၀၅၉ | | | | | | |
| | | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန | | ၂. ၀၅၉ | | | | | | |
| ၃ | ၅ | | ဆောက်လုပ်ရေး | ၎င်း | ၁၂၂. ၄၂၈ | | | ၂၀၂၁၅. ၅၇၀ | | | |
| | | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၂၂. ၄၂၈ | | | | | | |
| | | ၂ | အဆောက်အအုံ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | | | | ၂၀၂၁၅. ၅၇၀ | | | |
| ၄ | ၇ | | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၆. ၃၉၇ | | | | | | |
| | | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၆. ၃၉၇ | | | | | | |
| ၅ | ၈ | | အလုပ်သမား | ၎င်း | ၀. ၄၃၀ | | | | | | |
| | | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး | | ၀. ၄၃၀ | | | | | | |

ဇယား (၂)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

**ရန်ကုန်တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများ**

| အမှတ်စဉ် | ၂၀၁၂ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၆ | ၉ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၇. ၆၉၃ | | | | | | |
| | | ၁ | သစ်တောဦးစီးဌာန | | ၁၇. ၆၉၃ | | | | | | |
| ၇ | ၁၁ | | ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ | ၎င်း | ၉၀၈၀. ၅၆၀ | | | ၃၃၆၆၇. ၈၅၇ | | ၇. ၀၀၀ | |
| ၈ | ၁၂ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | | | | ၄၅၀. ၀၀၀ | | | |
| | | | ပေါင်း | | ၁၀၆၂၂. ၁၆၇ | | | ၁၀၄၆၅၇. ၈၇၄ | | ၇. ၀၀၀ | |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက် ( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် )

ရည်ညွှန်းချက်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၃. ၁၂. ၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၇၆/၇၇

အမှတ် ၈၀ ။ ။ အထက်ရည်ညွှန်းပါ အမိန့်ကြော်ငြာစာဖြင့် ခန့်အပ်ခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်၏ ကိုယ်ရေးအရာရှိ ဦးဂျူလိုင် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/အလန (နိုင်) ၀၄၁၃၁၆] သည် အလုပ်တာဝန်ဝတ္တရားများကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်သည်။

ဇေယျဇော်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး။

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနခွဲ)

၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်

( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက် )

အမှတ် ၁၆၀/၂၀၁၂။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၂၅) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်း

အဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| ၁။ | ဉာဏ်စိန် | ကြည်း ၆၅၁၁၈ | (၂-၁၂-၂၀၁၂) |
| ၂။ | ဘဟန် | ကြည်း ၆၅၁၁၉ | (၅-၁၂-၂၀၁၂) |
| ၃။ | ငွေသန်း | ကြည်း ၆၅၁၂၀ | (၆-၁၂-၂၀၁၂) |
| ၄။ | အေးလှ | ကြည်း ၆၅၁၂၁ | (၈-၁၂-၂၀၁၂) |
| ၅။ | ကျော်မြင့် | ကြည်း ၆၅၁၂၂ | (၉-၁၂-၂၀၁၂) |
| ၆။ | မွတ်တား | ကြည်း ၆၅၁၂၃ | (၁၀-၁၂-၂၀၁၂) |
| ၇။ | တင်မြင့် | ကြည်း ၆၅၁၂၄ | (၁၂-၁၂-၂၀၁၂) |
| ၈။ | ညွန့်မောင် | ကြည်း ၆၅၁၂၅ | (၁၄-၁၂-၂၀၁၂) |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်
( ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် )

အမှတ် ၂၁၀ ။ ။ အောက်ဖော်ပြပါ စာရင်းစစ်မှူးများအား မိမိတို့၏အမည်နှင့်ယှဉ်တွဲဖော်ပြထားသည့် မြို့နယ်စာရင်းစစ်ရုံးများတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်ရက်မှစ၍ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ရရှိသည့် မြို့နယ်စာရင်းစစ်အရာရှိများအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်ခန့်အပ်သည့်ရုံး |
|---|---|---|---|
| ၁။ | ဒေါ်မြင့်မြင့်ဝင်း (၄၃၆၆) | မြန်အောင် | ရွှေကူ |
| ၂။ | ဒေါ်သန်းသန်းဝင်း (၃၁၂၈) | ကျောက်တံခါး | တောင်ငူ |
| ၃။ | ဦးရဲမြင့် (၃၈၄၁) | မံစီ | ရမ်းဗြဲ |
| ၄။ | ဒေါ်တင်တင်ဝေ (၄၈၉၆) | ဝွ | မြောက်ဥက္ကလာပ |
| ၅။ | ဒေါ်ဆွေဆွေမြင့် (၅၂၃၃) | မြောင်းမြခရိုင် | ဝါးခယ်မ |

ဤရုံး၏ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅၉)၊ အမှတ်စဉ် (၂) နှင့် (၅) ကို ဤအမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

ခင်စန်းဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက် ( ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

### ရွှေအိုးကြီး ကုမ္ပဏီလီမိတက်

(မြီရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

(မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၉ ဇ အရ နှိုးဆော်လွှာ)

အထက်ပါ ကုမ္ပဏီ၏ နောက်ဆုံးစာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ စာရင်းတင်ပြရန်နှင့် စာရင်းနှင့်ပတ်သက်၍ ရှင်းလင်းချက်ပေးရန် မြီရှင်များနှင့် အစုရှင်များ၏ နောက်ဆုံးအထွေထွေအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၉ ဇ အရ အခန်းအမှတ် ၂ (ဘီနှင့်စီ)၊ နှင်းဆီအိမ်ရာ၊ အမှတ် - ၁၈၂/၁၉၄၊ ပထမထပ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၌ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ နေ့လယ် (၂း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဦးကြည်ဝင်း
(ဘီကွမ်း၊ စီပီအေ၊ ဒီဘီအယ်လ်)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အခန်းအမှတ် ၂ (ဘီနှင့်စီ)၊ နှင်းဆီအိမ်ရာ၊ အမှတ် - ၁၈၂/၁၉၄၊
ပထမထပ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**In the matter of the Myanmar Companies Act and**

## UNITED PHARMA (YANGON) COMPANY LIMITED

**[Under Sections 203 & 206 (1)]**

At an Extra-ordinary General Meeting of the UNITED PHARMA (YANGON) COMPANY LIMITED, duly convened on 9 January 2013, at No. 66, United Street, Mandaluyong City, Philippines, at 10:00 a.m, the following resolutions were passed unanimously as Special Resolutions:

**SPECIAL RESOLUTIONS**

(1) Resolved that the Company be and is hereby wound-up voluntarily, and

(2) Resolved that Daw Nan Thida Aung (B.Com, C.P.A) of No.12 (A), Kaba Aye Pagoda Road, Mayangone Township, Yangon Region, the Republic of the Union of Myanmar be and is hereby appointed as Liquidator of the Company for the purpose of such winding-up and be authorized to carry on the business of the Company to such extent and for such period, as may be necessary for the beneficial winding up thereof, and be granted such other powers as may be deemed fit or proper.

By order of the Board,
Ms. Joseline Aka Jocelyn Campos Hess
Chairwoman

## UNITED PHARMA (YANGON) COMPANY LIMITED

(UNDER MEMBERS' VOLUNTARY WINDING-UP)

**NOTICE TO CREDITORS TO CLAIM DEBTS**

Take Notice that the creditors of the above-named Company are required to send their names, addresses and the particulars of their debts or claims and the names and addresses of their attorneys, if any, to the undersigned Liquidator at address mentioned below in person or by their attorneys to come in and prove their said debts or claims on or before February 20, 2013 or in default thereof they will be excluded from the settlement of such debts and claims.

Daw Nan Thida Aung,
Liquidator
No. 12 (A), Kaba Aye Pagoda Road,
Mayangone Township, Yangon Region.

## ဖုန်းခန့် ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်

(အစုရှင်များဆန္ဒအရဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ

အပြီးသတ်နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

အထက်ဖော်ပြပါလီမိတက်အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၁၁-၂-၂၀၁၃) ရက်နေ့ နံနက် **(၁၀း၀၀)** နာရီတွင် **(အမှတ်-၄၃၊ ပါရမီလမ်း၊ ၈-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့)** ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

Ko Ko Oo
Managing Director
Phone Khant Travels & Tours Co., Ltd.

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်းခန့် ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်

## ရွှေအောင်သူ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်

## SHWE AUNG THU MINING CO., LTD

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ရွှေအောင်သူ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် (SHWE AUNG THU MINING CO., LTD)** အား (၂၁-၁၁-၂၀၁၂) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ပြီး ဦးမောင်မောင်ထိပ် (ဘီကွမ်း၊ စီပီအေ၊ ဒီအီးပီ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် (၂၁-၁၁-၂၀၁၂) ရက်နေ့တွင် ခန့်အပ်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံမှရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ပြီး တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးသစ်ဆန်း
အုပ်ချုပ်မှုဒါရိုက်တာ
ရွှေအောင်သူ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်

ဦးမောင်မောင်ထိပ်
B.Com, C.P.A, D.E.P
အခန်းအမှတ် (၃-ဘီ)၊ တိုက်အမှတ် (၃၃)၊
ပွဲစားတန်းလမ်း၊ နတ်ချောင်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၂၂၀၂

**ပေါင်းစည်းထားသောမိတ်ဆွေများ ကုမ္ပဏီလီမိတက်**

**UNITED PARTNERS COMPANY LIMITED. အား**

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်

**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၁၁-၂-၂၀၁၃ |
| ကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | အမှတ် ၂၃ (အေ-၁)၊ ရွှေတောင်ကြားလမ်းမကြီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၁၉၆၂)

**Final Meeting - နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈- င (၁) အရ **San Thit Group Mining Co., Ltd.** (Certificate No. 607/2006-2007/22.8.2006) ဖျက်သိမ်းခြင်းကို (၁၁-၂-၂၀၁၃) နေ့ နံနက် ၉း၀၀ နာရီတွင် အပြီးသတ်စာရင်းရှင်းလင်းမည်ဖြစ်ပါ၍ အစုရှင်များအားလုံး နောက်ဆုံးအစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

U Zaw Lwin
Liquidator
No. 100, Room (3), 1st Floor,
Seikkanthar Street, Kyauktada Township, Yangon.

## ရတနာစိမ်းလန်းမြေ ကုမ္ပဏီလီမိတက်

**Yandanar Green Land Company Limited. အား**

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်

**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြ အတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၁၁-၂-၂၀၁၃ |
| ကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | အမှတ်-(၁၇)၊ ပြည်ထောင်စုလမ်းမကြီး၊ ကောင်းမှုတုံရပ်ကွက်၊ ရှမ်းပြည်နယ်မြောက်ပိုင်း။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်း ပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး (LL.B)
အထက်တန်းရှေ့နေ (စဥ်-၂၁၉၆၂)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

**Omni Project Construction Co., Ltd**

ဖျက်သိမ်းရန်ကြေညာချက်

၁။ **Omni Project Construction Co., Ltd** ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် (၉-၁-၂၀၁၃) နေ့တွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထူးအထွေထွေအစည်းအဝေးက အထူး ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ခင်ဝင်းရီ [၁၂/ ဗဟန (နိုင်) ၀၃၃၇၂၂] အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်-ရရန်ရှိသည်များကို (၉-၂-၂၀၁၃) နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ ဒေါ်ခင်ဝင်းရီထံ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ် ပါသည်။

U Wan Kyar Sone
Managing Director
Omni Project Construction Co., Ltd.

Daw Khin Win Yi
Liquidator
189, 2nd Fl. (left), Middle Block,
39th Street, Kyauktada Township, Yangon.

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

**Alloy Mining Co., Ltd**

ဖျက်သိမ်းရန်ကြေညာချက်

၁။ **Alloy Mining Co., Ltd** ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် (၉-၁-၂၀၁၃) နေ့တွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထူးအထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ခင်ဝင်းရီ [၁၂/ ဗဟန (နိုင်) ၀၃၃၇၂၂] အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်-ရရန်ရှိသည်များကို (၉-၂-၂၀၁၃) နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ခင်ဝင်းရီထံ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

U Zaw Min Oo
Managing Director
Alloy Mining Co., Ltd.

Daw Khin Win Yi
Liquidator
189, 2nd Fl. (left), Middle Block,
39th Street, Kyauktada Township, Yangon.

**CHAUNG THA COMPANY LIMITED.**

ဖျက်သိမ်းရန်ကြေညာချက်

၁။ **CHAUNG THA COMPANY LIMITED.** ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

U MAUNG GYI
MANAGING DIRECTOR
CHAUNG THA CO., LTD.

ZIN WAI
B.Com., C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၄၀၀/၁၁-၁-၂၀၁၃။